မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၁] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်−

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (၁) | သူရဦးအောင်မျိုးမြင့်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာသန်းထွဋ်လွင်<br>ဒုတိယပါမောက္ခချုပ်<br>တောင်ကုတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>တောင်ကုတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ယခင်ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၂၀ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားနေပြီဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း အား အမြဲတမ်းအတွင်းဝန်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးလှမောင်သိန်း သည် ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဆိုင်ရာဦးစီးဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ် အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

**၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တစ်ဝန်းလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဒုတိယဥက္ကဋ္ဌ — ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

| | | |
|---|---|---|
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၈) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (၁၃) | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူး<br>စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၅) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၈) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၉) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၂၀) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၂၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(၂၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အိမ်တော်များဌာနကြီး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(၂၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သံတမန်ရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၂၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၂၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၂၆) ဒုတိယရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၂၇) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**အမျိုးသားစီမံကိန်းကော်မရှင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၃၆/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **အမျိုးသားစီမံကိန်းကော်မရှင်** တွင် အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် **အစား** အဖွဲ့ဝင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဖြင့် ပြင်ဆင် ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၆၉၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့် အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ် တရားသူကြီး တို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးရဲမင်းထွန်း<br>တ/၃၁၅၆ | မင်းလှ<br>ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဒေါ်သဲသဲဆုဆုမိုး<br>တ/၃၂၉၃ | မိုးကုတ်<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

**တင်ဒါကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အဆောက်အအုံဆောက်လုပ်ခြင်း၊ ရုံးလုပ်ငန်းသုံး စက်နှင့် စက်ပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူခြင်းလုပ်ငန်းများတွင် စံချိန်စံညွှန်း အရည်အသွေးပြည့်မီပြီး လိုအပ်မှုနှင့် ကိုက်ညီစေရေး အတွက် **နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)** နှင့်အညီ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) **တင်ဒါကော်မတီ**

(၁) တင်ဒါကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးအောင်စောဝင်း | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (ခခ) | ဦးစိုင်းကျော်သူ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရွေးကောက်ပွဲခုံရုံးဆိုင်ရာ | အဖွဲ့ဝင် |
| (ဂဂ) | ဦးသန့်ဇင်အောင် | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးကျော်ကျော်စိုး | ညွှန်ကြားရေးမှူး<br>စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (ငင) | ဦးအောင်မျိုးလွင် | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးတင်မောင်လတ် | ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံး | အဖွဲ့ဝင် |
| (ဆဆ) | ဦးအောင်မျိုးသန့် | ဒုတိယညွှန်ကြားရေးမှူး<br>စီမံဌာနခွဲ | အဖွဲ့ဝင် |
| (ဇဇ) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (ဈဈ) | ဒေါ်စန္ဒာဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| (ညည) | ဦးမြတ်ထွန်းဦး | ဒုတိယညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ | အဖွဲ့ဝင် |
| (ဋဋ) | ဦးရဲရင့်လွင် | ခေတ္တညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

(၂) တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) ကျပ် (၁၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခု အား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်း အနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

( ခ ခ ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ် ရက်ထက် ရက်သတ္တပတ် (၂) ပတ် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

( ဂ ဂ ) ကျပ်သန်း (၁၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း အတွက်ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လ ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ကော်မရှင်ရုံး Website တွင် အနည်းဆုံး (၁) လ ကြိုတင် ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃဃ) ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေး မဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

( င င ) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

( စ စ ) ဝယ်ယူမည့်ပစ္စည်းများအတွက်အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဆဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်း များနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

( ဇ ဇ ) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်း များ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(ဈဈ) ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများသတ်မှတ်ခြင်း၊

(ညည) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

( ဋ ဋ ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေး အစီအစဉ်ရေးဆွဲအတည်ပြုချက်ရယူခြင်း၊

( ဌ ဌ ) တစ်ဦးချင်းအကြံပေးများ ရွေးချယ်ခြင်း၊ တင်ဒါအားငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဍ ဍ ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

( ဎ ဎ ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ဏဏ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံ နိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း။

( ခ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးကျော်ကျော်စိုး | ညွှန်ကြားရေးမှူး<br>စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန | ဥက္ကဋ္ဌ |
| ( ခခ ) | ဒေါ်စန္ဒာဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| ( ဂဂ ) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ဦးမြတ်ထွန်းဦး | ဒုတိယညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ | အဖွဲ့ဝင် |
| ( ငင ) | ဦးခင်မောင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး<br>ထောက်ပံ့ဌာနစု | အဖွဲ့ဝင် |
| ( စစ ) | ဦးအောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဌာနစု | အဖွဲ့ဝင် |
| (ဆဆ) | ဦးတင့်နိုင်မောင် | ဒုတိယညွှန်ကြားရေးမှူး<br>ထောက်ပံ့ရေးဌာနခွဲ | အတွင်းရေးမှူး |

(၂) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

( ခခ ) လုပ်ငန်းတစ်ခုချင်းအလိုက် လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းသည့် ရရှိထားသော နမူနာပစ္စည်းအမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

( ဂဂ ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃဃ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသော ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်၍ ဈေးနှုန်းစိစစ် အကဲဖြတ်ပြီး တင်ဒါကော်မတီသို့ တင်ပြခြင်း။

( ဂ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးရဲရင့်လွင် | ခေတ္တညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| ( ခခ ) | ဦးကျော်ကျော်စိုး | ညွှန်ကြားရေးမှူး<br>စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ဂဂ) | ဦးအောင်မျိုးသန့် | ဒုတိယညွှန်ကြားရေးမှူး<br>စီမံဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (ငင) | ဒေါ်ခင်စန်းရင် | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (စစ) | ဦးသိန်းစိုး | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (ဆဆ) | ဦးမြတ်ထွန်းဦး | ဒုတိယညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ | အဖွဲ့ဝင် |
| (ဇဇ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ<br>လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် (၁) ဦး | | အဖွဲ့ဝင် |
| (ဈဈ) | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ<br>လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် (၁) ဦး | | အဖွဲ့ဝင် |
| (ညည) | ဦးတင်မောင်လတ် | ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံး | အတွင်းရေးမှူး |

(၂) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ ထည့်သွင်းစဉ်းစားခြင်း၊

(ငင) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စစ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဆဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဇဇ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်း အများအလိုက် မှတ်တမ်းပြုစုထားခြင်း။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးစိုင်းကျော်သူ | ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲခုံရုံးဆိုင်ရာ | ဥက္ကဋ္ဌ |
| (ခခ) | ဦးသန့်ဇင်အောင် | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးအောင်မျိုးလွင် | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးနိုင်သူရစိုး | ဒုတိယညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (ငင) | ဦးအောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး ဥပဒေရေးရာဌာနစု | အဖွဲ့ဝင် |
| (စစ) | ဒေါ်သော်ဦးမေ | လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဌာနစု | အဖွဲ့ဝင် |
| (ဆဆ) | ဦးထွန်းနိုင်ဦး | ဒုတိယညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ | အတွင်းရေးမှူး |

(၂) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) ကုမ္ပဏီတွင်ပါဝင်သော အရေအတွက်နှင့် ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများကို စိစစ်ခြင်း၊

(ခခ) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရားလက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စိစစ်ခြင်း၊

(ဂဂ) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေများကို စိစစ်ခြင်း၊

(ဃဃ) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့သောလုပ်ငန်းအတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊

(ငင) ယခင်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ ရှိ မရှိ စိစစ်ခြင်း၊

(စစ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း၊

(ဆဆ) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(ဇဇ) ဝယ်ယူရေးစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဈဈ) ဝယ်ယူမည့်ဌာန အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ညည) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

( ဋ ဋ ) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

( ဌ ဌ ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း။

၂။ တင်ဒါကော်မတီသည် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအားလုံးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရမည်။

၃။ တင်ဒါကော်မတီသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ဖြင့် ထုတ်ပြန်သည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၄။ တင်ဒါကော်မတီဥက္ကဋ္ဌသည် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၀) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

### ကမ္ဘာလှည့်ခရီးသွားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ကမ္ဘာလှည့်ခရီးသွားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ** တွင် အဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစား** အဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၁)

### သံတမန်များကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **သံတမန်များ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်း**

**ကော်မတီ** တွင် အဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစား** အဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)

## ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ** တွင် အဖွဲ့ဝင်များကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| ( ခ ) | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)

## အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ** တွင် **ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဥက္ကဋ္ဌ<br>ဒုတိယဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | ဥက္ကဋ္ဌ<br>ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| ( ခ ) | အတွင်းရေးမှူး<br>အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | အတွင်းရေးမှူး<br>အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| (ဂ) | တွဲဖက်အတွင်းရေးမှူး<br>ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | တွဲဖက်အတွင်းရေးမှူး<br>ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)

## ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေး လုပ်ငန်းကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေး လုပ်ငန်းကော်မတီ** တွင် **ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဥက္ကဋ္ဌ<br>ဒုတိယဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | ဥက္ကဋ္ဌ<br>ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) | အတွင်းရေးမှူး<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | အတွင်းရေးမှူး<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁)

## နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကော်မတီ** တွင် **အဖွဲ့ဝင်များ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၁)

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ** တွင် **ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဥက္ကဋ္ဌ<br>အဖွဲ့ဝင် (၁)<br>တိုင်းဒေသကြီး/ပြည်နယ်<br>စီမံအုပ်ချုပ်ရေးကောင်စီ | **အစား** | ဥက္ကဋ္ဌ<br>ဝန်ကြီး<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ |
| ( ခ ) | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူး<br>ကျန်းမာရေးဝန်ကြီးဌာန |
| ( ဂ ) | အတွင်းရေးမှူး<br>ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်<br>စီမံအုပ်ချုပ်ရေးကောင်စီရုံး | **အစား** | အတွင်းရေးမှူး<br>ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်<br>အစိုးရအဖွဲ့ရုံး |
| (ဃ) | တွဲဖက်အတွင်းရေးမှူး<br>ညွှန်ကြားရေးမှူး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | တွဲဖက်အတွင်းရေးမှူး<br>ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

စိုးဝင်း
ဒုတိယဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅၀/၂၀၂၁) ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီတွင်

အောက်ပါပြင်ပမှ သင့်လျော်သည့် ပညာရှင်ပုဂ္ဂိုလ် (၂) ဦးအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) နှင့်အညီ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးလှမြင့် | မြို့ပြအုပ်ချုပ်ရေးကိစ္စများဆိုင်ရာပြင်ပပညာရှင် |
| ( ခ ) | ဦးခင်မောင်ဗိုလ် | မြေယာဆိုင်ရာပြင်ပပညာရှင် |

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၁)

## ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် **ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**(က) ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီအဖွဲ့ဝင် (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာနမှူး<br>နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မန်နေဂျာ<br>နေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | ဦးစီးဌာနမှူး<br>နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးစီးဌာနမှူး<br>နေပြည်တော်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |

(၁၀) ဦးစီးဌာနမှူး အဖွဲ့ဝင်
နေပြည်တော်ပြည်တွင်းအခွန်များဦးစီးဌာန

(၁၁) ဦးစီးဌာနမှူး အဖွဲ့ဝင်
နေပြည်တော်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန

(၁၃) တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင်
ဦးစီးဌာန (ရုံးချုပ်) မှ ကိုယ်စားလှယ် (၁) ဦး

(၁၄) ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ အဖွဲ့ဝင်
တောင်သူလယ်သမားကိုယ်စားလှယ်များ၊
အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ၊
သင့်လျော်သည့် ပညာရှင်များ

(၁၅) ဦးစီးဌာနမှူး အတွင်းရေးမှူး
နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

( ခ ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

(၁) ဝန်ကြီးချုပ် ဥက္ကဋ္ဌ
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

(၂) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် အဖွဲ့ဝင်
ဝန်ကြီး (၁) ဦး

(၃) ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း) အဖွဲ့ဝင်
တိုင်းစစ်ဌာနချုပ်

(၄) တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(၆) တိုင်းဒေသကြီး/ပြည်နယ်မန်နေဂျာ အဖွဲ့ဝင်
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(၇) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၈) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန

(၉) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၁၀) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(၁၁) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၂) တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲတာဝန်ခံ သတ္တုတွင်းဦးစီးဌာန — အဖွဲ့ဝင်

(၁၃) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၄) ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သင့်လျော်သည့် ပညာရှင်များ — အဖွဲ့ဝင်များ

(၁၅) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အတွင်းရေးမှူး

၂။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထား မှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းတွင် ဧက ၃၀၀ အထက် လျှောက်ထားသည့် ကိစ္စရပ်နှင့် မွေးမြူရေးလုပ်ငန်းတွင် ဧက ၅၀ အထက် လျှောက်ထားသည့် ကိစ္စရပ်များအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်အရ ဗဟိုကော်မတီက တာဝန် ပေးအပ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့် လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန် သွားသည့်အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလ တိုးမြှင့်ပေး စေလိုကြောင်းဖော်ထုတ်ခွင့်ပြုကာလ မကုန်ဆုံးမီတင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထား မှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ဆ) ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့်ကာလထက် ကျော်လွန်သည် အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟို ကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ဇ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်း စစ်ဆေးတင်ပြခြင်း၊

(ဈ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ အာမခံကြေး ပေးသွင်းခြင်းနှင့် အာမခံကြေးပြန်လည်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဋ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဌ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ထွဋ်ဦး
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၅၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

ကချင်ပြည်နယ် ရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ လုပ်ငန်းဌာနမှ ညွှန်ကြားရေးမှူး ရဲ ၂၄၂၉ ရဲမှူးကြီး အောင်မင်းလွင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၆၀/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအကြပ်အတတ်သင်ကျောင်းသို့ တွဲဖက်တာဝန်ချထားသော အမှတ် (၆) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၂၂၂၂ ရဲမှူးကြီး ဝင်းဖေအောင် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၆၁/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) မှ ဒုတိယဌာနမှူး ရဲ ၂၄၄၆ ရဲမှူးကြီး ခင်မောင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၈၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

၁။ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်လတ် (ပ/၃၇၅၃) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အထိ (၄) လကို မူလအခြေခံနည်းဥပဒေ အပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးတင်လတ် (ပ/၃၇၅၃) အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၈၈/၂၀၂၁)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ (စ/၀၆၇၁) ညွှန်ကြားရေးမှူး ဦးကျော်စိုး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၈၉/၂၀၂၁)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ (စ/၁၆၃၁) ညွှန်ကြားရေးမှူး ဦးအေးသောင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၉၂/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းကြီးကြပ်ရေးနှင့် မှတ်တမ်းဌာနမှ ဌာနမှူး ရဲ ၂၅၀၃ ရဲမှူးကြီး သာထွန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၉၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ စီမံရေးဌာန၊ စီမံ/အုပ်ချုပ်ရေးဌာနခွဲမှ ဒုတိယ ညွှန်ကြားရေးမှူး ရဲ ၂၂၉၂ ဒုတိယရဲမှူးကြီး ရဲမြင့် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ လုပ်ငန်းဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ စီမံရေးဌာန၌ တွဲဖက်တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၉၇/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လ ၁၀၁၀၂၂ ရဲအုပ် စန်းစန်းဝင်း အား ဒုတိယ ရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၆၉၀ သတ်မှတ်ကာ လက်ရှိ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၈၁၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၂၃/ ကုန်းသာယာရပ်၊ ဦးပိုင်အမှတ်-၁၃/က၊ **မြေဧရိယာ ၁.၂၃၄ ဧက** ရှိ မြေအား **မိုင်းရယ်မြို့နယ်အထွေထွေ**

**အုပ်ချုပ်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၁၄/၂၀၂၁)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၉/ဗိုလ်တဲကုန်းရပ်)၊ ဦးပိုင်အမှတ်-၁၄၊ **မြေဧရိယာ ၀.၂၃၈ ဧက** ရှိမြေအား **မိုင်းရယ်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၁၅/၂၀၂၁)

ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့၊ ကျင်မွှာလ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇-က/ ကျင်မွှာလ်) ၊ ဦးပိုင်အမှတ် (၅၃) ၊မြေကွက်အမှတ် (၇-က)၊ **မြေဧရိယာ ၀.၉၉၇ ဧက** အား ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန **သူနာပြုသင်တန်းကျောင်း (ဖလမ်း)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၁၆/၂၀၂၁)

ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့၊ ကျင်မွှာလ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂/ကျင်မွှာလ်)၊ ဦးပိုင်အမှတ် (၁) ၊မြေကွက်အမှတ် (၂)၊ **မြေဧရိယာ ၂.၉၆၀ ဧက** အား အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန **ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ဖလမ်းမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၂၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၏ ကြိုတင်ခွင့်ပြုချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဦးစီးဌာနကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) လက်အောက်တွင် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၆၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး သဘောတူစာချုပ်အရ ကုန်စည်များဆိုင်ရာ အကောက်ခွန်လျှော့ချမည့် အစီအစဉ်ကို ထူထောင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၄ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နောက်ဆက်တွဲ (က) ပါ မြန်မာနိုင်ငံ၏ အကောက်ခွန်နှုန်း လျှော့ချမှုအစီအစဉ် (Myanmar’s Tariff Reduction Schedules for Products under the Trade in Goods Agreement of the Agreement on Comprehensive Economic Partnership among Members States of the Association of Southeast Asian Nations and Japan–HS 2017 Version) ကို သတ်မှတ်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

## ASEAN–Japan Tariff Reduction Schedule of Myanmar HS 2017

| Column 1 | | | Column 2 | Column 3 | Column 4 | Column 5 | Column 6 | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Tariff item number | | | Description of goods | Base Rate | Category | Note | 2008 | 2011 | 2014 | 2017 | 2019 | 2021 | 2023 | 2026 |
| **01.01** | | | **Live horses, asses, mules and hinnies.** | | | | | | | | | | | |
| | | | –Horses: | | | | | | | | | | | |
| 0101.21 | 0101.21.00 | 00 | – – Pure–bred breeding animals | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.29 | 0101.29.00 | 00 | – – Other | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.30 | | | – Asses: | | | | | | | | | | | |
| | 0101.30.10 | 00 | – – Pure–bred breeding animals | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| | 0101.30.90 | 00 | – – Other | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.90 | 0101.90.00 | 00 | – Other | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| **01.02** | | | **Live bovine animals.** | | | | | | | | | | | |
| | | | –Cattle: | | | | | | | | | | | |
| 0102.21 | 0102.21.00 | 00 | – – Pure–bred breeding animals | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.29 | | | – – Other | | | | | | | | | | | |
| | | | – – – Male cattle: | | | | | | | | | | | |
| | 0102.29.11 | 00 | – – – – Oxen | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| | 0102.29.19 | 00 | – – – – Other | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| | 0102.29.90 | 00 | – – – Other | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| | | | –Buffalo: | | | | | | | | | | | |
| 0102.31 | 0102.31.00 | 00 | – – Pure–bred breeding animals | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.39 | 0102.39.00 | 00 | – – Other | 0 | A | | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.90 | | | – Other | | | | | | | | | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

အမှတ် ၂၃၈။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၈/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| ဦးညွန့်နိုင် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနခွဲ | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနခွဲ |

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/ (၅၁၉) (စမဆ) ပါ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေအခန်း (၄)၊ ပုဒ်မ (၇) ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်အရ** မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ စည်သာကျေးရွာအုပ်စု၊ ကြက်ရှာကျေးရွာတွင် မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

တင်ထွဋ်ဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ကျင်းပပြုလုပ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀- ၄၃၈,၀၀၀) ဦးစိုင်းစောလင်းထွန်း က ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်မှစတင်၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀- ၄၃၈,၀၀၀) ဦးစိုင်းစောလင်းထွန်း အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၂၄-၁-၂၀၂၂ ရက်မှ ၂၃-၅-၂၀၂၂ ရက်အထိ ခံစားစေပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော ၂၄-၅-၂၀၂၂ ရက် မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်တွင် ကျင်းပပြုလုပ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နည်းပညာဌာနကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀- ၄၃၈,၀၀၀) ဒေါ်ချယ်ရီမျိုးတင့် က ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်မှစတင်၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားလာမှုအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀- ၄၃၈,၀၀၀) ဒေါ်ချယ်ရီမျိုးတင့် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၂၈-၂-၂၀၂၂ ရက်မှ ၂၇-၆-၂၀၂၂ ရက်အထိ ခံစားစေပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော ၂၈-၆-၂၀၂၂ ရက် (နံနက်ပိုင်း) မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၈၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄–ခ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **သင်္ဘောသားများအား အဓိကကျသော လုပ်သားများ (Key Workers) အဖြစ် သတ်မှတ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ** ကို ထုတ်ပြန်လိုက်သည်။

COVID–19 Pandemic ဖြစ်ပွားနေစဉ်ကာလအတွင်း ကမ္ဘာတစ်ဝန်း ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရန် ထောက်ပံ့ပို့ဆောင်ပေးလျက်ရှိသည့် နိုင်ငံတကာသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်နေသော ပင်လယ်ကူးသင်္ဘောသားများ လုံခြုံချောမွေ့စွာ ခရီးသွားလာ၍ သင်္ဘောအတက်/အဆင်း ပြုလုပ်ခြင်း (Crew Change) နှင့် နေရပ်ပြန်ခြင်း (Repatriation)များကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် သင်္ဘောသားများ ကိုင်ဆောင်ထားသည့် စာရွက်စာတမ်းအထောက်အထားများကို အသိအမှတ်ပြုလက်ခံရန်အတွက်လည်းကောင်း၊ နိုင်ငံအလိုက် သတ်မှတ်ထားသော ခရီးသွားလာမှု ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုရန်အတွက် လည်းကောင်း၊ နိုင်ငံတော်၏ရေပိုင်နက်နှင့် ဆိပ်ကမ်းများတွင် သင်္ဘောအတက်/အဆင်း ပြုလုပ်ခြင်းကိုခွင့်ပြုရန်အတွက်လည်းကောင်း လိုအပ်သောအကူအညီများအား နိုင်ငံတော်မှ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ သင်္ဘောသားများကို အဓိကကျသောလုပ်သားများ **(Key Workers)** အဖြစ် သတ်မှတ်လိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၄၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို သုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ အဝေးပြေးကားဝင်းလမ်း၊ အမှတ် (၇) ရှိ Telenor Distributor Office အလုပ်ဌာနအား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ အဝေးပြေးကားဝင်းလမ်း၊ အမှတ် (၇) ရှိ Telenor Distributor Office အလုပ်ဌာနအား မုဒုံမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၆၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ နမ့်စန်မြို့နယ်ရှိ စထာပါနာလီမိတက် (နမ့်စန်) အသေးစား ငွေရေးကြေးရေးလုပ်ငန်းအား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင် စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ နမ့်စန်မြို့နယ်ရှိ စထာပါနာလီမိတက် (နမ့်စန်) အသေးစား ငွေရေးကြေးရေးလုပ်ငန်းအား တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာ လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၆၉/၂၀၂၁)**

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်၊မြဝတီမြို့၊ဖားချောင်းကျေးရွာရှိPT–Power(မြဝတီ)မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးအား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ကရင်ပြည်နယ်၊ မြဝတီမြို့၊ ဖားချောင်း ကျေးရွာရှိ PT–Power(မြဝတီ) မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးအား ဘားအံမြို့၊ မြို့နယ်လူမှုဖူလုံရေး ရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၁/၂၀၂၁)**

**ကယားပြည်နယ် ခုံသမာဓိအဖွဲ့ အတွင်းရေးမှူး အစားထိုးခန့်အပ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၇(က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၁၈) ဖြင့် အစားထိုးခန့်အပ်ခဲ့သည့် ကယားပြည်နယ် အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်ယဉ်မွန်အောင်၊ ဒုတိယညွှန်ကြားရေးမှူး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန **အစား** ဦးဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၂/၂၀၂၁)**

**ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌ အစားထိုးခန့်အပ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၇(က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် (၂၈၇/၂၀၂၁) ဖြင့် အစားထိုးခန့်အပ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ ဥက္ကဋ္ဌ ဦးအုန်းမြင့်၊ အဖွဲ့ဝင် (၃)၊ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးမောင်မောင်သန်း၊ လူမှုရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ရီရီမွန် [၁၂/ဥကတ (နိုင်) ၁၃၅၅၆၉] အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ပါ ရုံးအုပ်/ ဦးစီးမှူး (၇) ဦး အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်အေးကြည် | ၁၁/မဥန (နိုင်) ၀၀၀၅၃၅ |
| (ခ) | ဒေါ်ခင်သန္တာနိုင် | ၁၂/ဥကတ (နိုင်) ၀၀၁၁၉၀ |
| (ဂ) | ဦးအောင်ကျော်ကျော် | ၁/ပတအ (နိုင်) ၀၄၆၇၀၇ |
| (ဃ) | ဒေါ်နွယ်နွယ်တင့် | ၅/ရဘန (နိုင်) ၁၂၄၄၄၈ |
| (င) | ဒေါ်ကေသွယ် | ၉/ပမန (နိုင်) ၁၃၀၈၁၆ |
| (စ) | ဒေါ်မျိုးမျိုးစိုး | ၉/ပမန (နိုင်) ၁၈၁၂၅၄ |
| (ဆ) | ဦးရဲလှိုင်ဦး | ၁၂/ဆကခ (နိုင်) ၀၁၃၆၂၀ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၁)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ အောက်ပါ ဦးစီးမှူး (၃) ဦး အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်သန္တာအေး | ၁၄/ရကန (နိုင်) ၀၉၁၀၇၈ |
| (ခ) | ဒေါ်ခင်စုစုလှိုင် | ၁၂/သကတ (နိုင်) ၁၂၅၈၆၆ |
| (ဂ) | ဦးကျော်သူထွန်း | ၈/ပခက (နိုင်) ၂၀၇၇၀၉ |

ဒေါက်တာ ပွင့်ဆန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၁) အစီအစဉ် (၇-ဃ) ၌ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (တိုး/တွဲဖက်ပါမောက္ခ)/ ၂၀၂၀ (၂၅၇၃၇) အမှတ်စဉ် (၅) ဖြင့် အဆင့်မြင့်ပညာဦးစီးဌာန၊ မြိတ်တက္ကသိုလ်၊ ရူပဗေဒဌာနမှ စစ်တက္ကသိုလ်တွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော ကထိက၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဒေါက်တာ ကျော်ကျော်နိုင် အား မိုးညှင်းတက္ကသိုလ်၊ ရူပဗေဒဌာန၊ တွဲဖက်ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခဲ့ခြင်းကို ပယ်ဖျက်၍ လက်ရှိကထိကရာထူးဖြင့် စစ်တက္ကသိုလ်တွင် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

မှတ်ချက်။ **နောက်တစ်ကြိမ်ပြုလုပ်မည့် ရာထူးတိုးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြပါသည်။**

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် တင်ပြလာခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈/သမိုင်း)၊ မြေကွက်အမှတ် (၁.က၅) နှင့် (၄/က)၊ ဧရိယာ (၇.၅၉၅) ဧကရှိ အစိုးရမြေနေရာအား မြေယာရှုခင်းနှင့် အားကစားကွင်းများ လုပ်ငန်းအသုံးပြုရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါအစိုးရမြေကို အများပြည်သူအကျိုးငှာ မြေယာရှုခင်းနှင့် အားကစားကွင်းများ လုပ်ငန်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာ ဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | မရမ်းကုန်း | ၄၈/သမိုင်း | (၁.က၅) နှင့် (၄/က) | ၇ | ၅၉၅ | |
| **စုစုပေါင်း** | | | | ၇ | **၅၉၅** | |

၃။ **နယ်နိမိတ်အလားအလာ ဖော်ပြချက်**

အရှေ့လားသော် - အုတ်ပုံဆိပ်လမ်း

အနောက်လားသော် - မြေကွက်အမှတ် - ၁.က[၃]

တောင်လားသော် - မြေကွက်အမှတ် - ၁.က[၆]

မြောက်လားသော် - စွယ်တော်လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈/သမိုင်း)၊ မြေကွက်အမှတ် (၁.က၅) နှင့် (၄/က)၊ ဧရိယာ (၇.၅၉၅) ဧကရှိ အစိုးရမြေနေရာအား မြေယာရှုခင်းနှင့် အားကစားကွင်းများလုပ်ငန်း အသုံးပြုရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၂၈၈၅ ညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင် သည် (၁-၁၀-၂၀၂၁) ရက်နေ့မှစတင်၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားခဲ့ခြင်းအား (၉-၉-၂၀၂၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၂၁) ၏ ဆုံးဖြတ်ချက်၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း (၁-၂-၂၀၂၂) ရက်နေ့မှ (၃၁-၅-၂၀၂၂) ရက်နေ့အထိ ခံစားစေပြီး ခွင့်ရက်ကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော (၁-၆-၂၀၂၂) ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၄/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) (၅၁) ဦးနှင့် ပုံဆွဲ (၁) (မြို့ပြ) (၅) ဦးတို့အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၂၁) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ အမည်နှင့်ယှဉ်တွဲဖော်ပြပါနေရာများအတိုင်း စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်-

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်<br>ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (၁) | ဒေါ်စုသက်ကေဇင်<br>ဆလက/၄၇၃၈၅ | ကျိုက်မရောမြို့နယ်<br>(မော်လမြိုင်ခရိုင်) |
| (၂) | ဦးသင်ပဲန်းလျန်<br>ဆလက/၄၇၂၇၇ | ထန်တလန်မြို့နယ်<br>(ဟားခါးခရိုင်) |
| (၃) | ဒေါ်သန္တာဦး<br>ဆလက/၄၈၅၃၉ | လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့်<br>ပုံထုတ်ဌာနခွဲ |
| (၄) | ဒေါ်တင်ဇာသန့်<br>ဆလက/၄၆၂၀၅ | မြင်းခြံမြို့နယ်<br>(မြင်းခြံခရိုင်) |
| (၅) | ဦးကျော်ဇင်ထိုက်<br>ဆလက/၄၆၆၀၅ | လမ်းအထူးအဖွဲ့ (၈)<br>ဖောင်းပြင် |

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်<br>ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (၆) | ဒေါ်ခင်သန္တာမြင့်<br>ဆလက/၄၇၃၁၇ | လှိုင်းဘွဲ့မြို့နယ်<br>(ဘားအံခရိုင်) |
| (၇) | ဒေါ်ဝင်းလဲ့ဖြိုး<br>ဆလက/၄၈၅၃၈ | လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့်<br>ပုံထုတ်ဌာနခွဲ |
| (၈) | ဒေါ်မေစုဟန်<br>ဆလက/၄၇၃၁၉ | ညွှန်ကြားရေးမှူးရုံး<br>(မကွေးတိုင်းဒေသကြီး) |
| (၉) | ဒေါ်ချိုသက်မွန်<br>ဆလက/၄၈၄၅၄ | သတင်းအချက်အလက်နှင့်<br>နည်းပညာဌာနခွဲ |
| (၁၀) | ဒေါ်အိဖွန့်သိန်း<br>ဆလက/၄၈၅၃၃ | အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်<br>ကြီးကြပ်ရေးအဖွဲ့ |
| (၁၁) | ဦးကျော်မင်း<br>ဆလက/၄၆၆၀၇ | တွန်းဇံမြို့နယ်<br>(ဖလမ်းခရိုင်) |
| (၁၂) | ဦးလင်းလင်းထွန်းကျော်<br>ဆလက/၄၆၆၁၂ | ဒီပဲယင်းမြို့နယ်<br>(ရွှေဘိုခရိုင်) |
| (၁၃) | ဦးငွေထွန်းလှိုင်<br>ဆလက/၄၈၀၃၈ | မြောက်ဦးမြို့နယ်<br>(မြောက်ဦးခရိုင်) |
| (၁၄) | ဦးကျော်သက်ခိုင်<br>ဆလက/၄၈၀၃၉ | လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့်<br>ပုံထုတ်ဌာနခွဲ |
| (၁၅) | ဦးဘိုဘိုဇော်အောင်<br>ဆလက/၄၈၀၈၂ | မိုးမောက်မြို့နယ်<br>(ဗန်းမော်ခရိုင်) |
| (၁၆) | ဒေါ်မေဖူးအောင်<br>ဆလက/၄၈၅၃၁ | စီမံကိန်းရေးဆွဲရေးနှင့်<br>ကိန်းဂဏန်းဌာနခွဲ |
| (၁၇) | ဦးမင်းဆက်အောင်ဦး<br>ဆလက/၄၆၄၀၉ | ပုလောမြို့နယ်<br>(မြိတ်ခရိုင်) |
| (၁၈) | ဒေါ်သဲနုအေး<br>ဆလက/၄၈၅၀၅ | ရေတာရှည်မြို့နယ်<br>(တောင်ငူခရိုင်) |
| (၁၉) | ဒေါ်မေအေးအောင်<br>ဆလက/၄၇၃၁၈ | ညွှန်ကြားရေးမှူးရုံး<br>(ရခိုင်ပြည်နယ်) |
| (၂၀) | ဦးစိုင်းလင်းထက်မိုး<br>ဆလက/၄၈၀၁၇ | လင်းခေးမြို့နယ်<br>(လင်းခေးခရိုင်) |
| (၂၁) | ဦးကျော်ဇင်ထွဋ် (ခ)<br>ကျော်ဇင်ထွန်း<br>ဆလက/၄၇၃၄၅ | လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့်<br>ပုံထုတ်ဌာနခွဲ |

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန် ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (၂၂) | ဒေါ်သီတာထွေး<br>ဆလက/၄၇၃၁၅ | ညွှန်ကြားရေးမှူးရုံး<br>(ကယားပြည်နယ်) |
| (၂၃) | ဒေါ်အိအိထွန်း<br>ဆလက/၄၇၃၂၁ | လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့်<br>ပုံထုတ်ဌာနခွဲ |
| (၂၄) | ဒေါ်လွင်လွင်အေး<br>ဆလက/၄၇၃၁၆ | ပုဗ္ဗသီရိမြို့နယ်<br>(ဥတ္တရခရိုင်) |
| (၂၅) | ဦးဆိုင်းမန်းထန်<br>ဆလက/၄၈၀၈၉ | လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့်<br>ပုံထုတ်ဌာနခွဲ |
| (၂၆) | ဒေါ်အိငြိမ်းဦး<br>ဆလက/၄၈၅၃၅ | ညွှန်ကြားရေးမှူးရုံး<br>(ရှမ်းပြည်နယ်-တောင်ပိုင်း) |
| (၂၇) | ဒေါက်တာ ဖြူဖြူထွန်း<br>ဆလက/၄၇၆၂၇ | လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့်<br>ပုံထုတ်ဌာနခွဲ |
| (၂၈) | ဦးကျော်ဇင်ဝင်း<br>ဆလက/၄၈၀၄၀ | စီမံခန့်ခွဲရေး<br>မူဝါဒနှင့် ပုဂ္ဂလိကကဏ္ဍ<br>ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ |
| (၂၉) | ဦးမြတ်ဖံအောင်<br>ဆလက/၄၈၀၉၂ | မင်းပြားမြို့နယ်<br>(မြောက်ဦးခရိုင်) |
| (၃၀) | ဦးဘိုဘိုလွင်<br>ဆလက/၄၈၀၂၇ | သံတောင်ကြီးမြို့နယ်<br>(ဘားအံခရိုင်) |
| (၃၁) | ဦးစိုးလှိုင်ထွန်း<br>ဆလက/၄၈၀၂၆ | ဖားကန့်မြို့နယ်<br>(မိုးညှင်းခရိုင်) |
| (၃၂) | ဒေါ်မိုင်မာလာ<br>ဆလက/၄၆၈၇၈ | ဖလမ်းမြို့နယ်<br>(ဖလမ်းခရိုင်) |
| (၃၃) | ဦးမျိုးဝင်း<br>ဆလက/၄၈၀၄၅ | လမ်းအထူးအဖွဲ့ (၂၂)<br>ဘားအံ |
| (၃၄) | ဒေါ်နှင်းဦးဖံ<br>ဆလက/၄၆၆၁၆ | ဇီးကုန်းမြို့နယ်<br>(သာယာဝတီခရိုင်) |
| (၃၅) | ဦးမြတ်သူ<br>ဆလက/၄၇၃၆၃ | ဘုတ်ပြင်းမြို့နယ်<br>(ကော့သောင်းခရိုင်) |
| (၃၆) | ဦးကျော်မျိုးနိုင်<br>ဆလက/၄၆၆၀၈ | လမ်းအထူးအဖွဲ့ (၂၃) ထားဝယ် |
| (၃၇) | ဒေါ်အေးမဥ္ဇူ<br>ဆလက/၄၇၀၆၉ | လမ်းအထူးအဖွဲ့ (၂၁) ညောင်တုန်း |

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်<br>ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (၃၈) | ဦးအောင်ကိုမင်း<br>ဆလက/၄၈၁၄၅ | လမ်းအထူးအဖွဲ့ (၁) ပူတာအို |
| (၃၉) | ဦးထွေးဇော်<br>ဆလက/၄၈၀၃၀ | မုံရွာမြို့နယ်<br>(မုံရွာခရိုင်) |
| (၄၀) | ဦးဂင်အင်ကျင်း<br>ဆလက/၄၈၀၉၁ | ရေဖြူမြို့နယ်<br>(ထားဝယ်ခရိုင်) |
| (၄၁) | ဦးဟန်ရည်ထွန်း<br>ဆလက/၄၆၈၉၅ | လမ်းထိန်းသိမ်းရေးဌာနခွဲ |
| (၄၂) | ဦးကျော်မျိုးသူ<br>ဆလက/၄၈၀၃၂ | ကျိုက်ထိုမြို့နယ်<br>(သထုံခရိုင်) |
| (၄၃) | ဦးဘွေချင်အုပ်<br>ဆလက/၄၈၀၃၄ | ကနီမြို့နယ်<br>(ယင်းမာပင်ခရိုင်) |
| (၄၄) | ဦးမင်းဗိုလ်လှိုင်<br>ဆလက/၄၈၀၉၅ | ညောင်လေးပင်မြို့နယ်<br>(ပဲခူးခရိုင်) |
| (၄၅) | ဦးပြည့်ဖြိုးလွင်<br>ဆလက/၄၈၀၃၇ | မင်းကင်းမြို့နယ်<br>(ကလေးခရိုင်) |
| (၄၆) | ဒေါ်ဖရေမြာ<br>ဆလက/၄၇၃၁၂ | ဖရူဆိုမြို့နယ်<br>(လွိုင်ကော်ခရိုင်) |
| (၄၇) | ဦးဖြိုးဝေအောင်<br>ဆလက/၄၇၆၆၅ | လောက်ကိုင်မြို့နယ်<br>(လောက်ကိုင်ခရိုင်) |
| (၄၈) | ဦးဇေယျာနိုင်<br>ဆလက/၄၈၀၉၄ | မြိတ်မြို့နယ်<br>(မြိတ်ခရိုင်) |
| (၄၉) | ဦးဂျိမ်းထင်ရမ်းထန်<br>ဆလက/၄၈၀၉၀ | စီမံကိန်းစစ်ဆေးရေးနှင့်<br>အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ<br>(တည်ဆောက်ရေး) |
| (၅၀) | ဦးဗန်အုပ်ထန်း<br>ဆလက/၄၈၀၃၃ | လမ်းထိန်းသိမ်းရေးဌာနခွဲ |
| (၅၁) | ဦးစန်းယုကျော်<br>ဆလက/၄၈၀၈၇ | မိုင်းမောမြို့နယ်<br>(ဟိုပန်ခရိုင်) |
| (၅၂) | ဦးဆန်းမင်းဌေး<br>ဆလက/၄၈၀၅၄ | သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ<br>(မန္တလေးရုံးခွဲ) |
| (၅၃) | ဦးဝင်းလှိုင်လှိုင်ထွန်း<br>ဆလက/၄၈၀၃၅ | မော်လိုက်မြို့နယ်<br>(မော်လိုက်ခရိုင်) |

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန် ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (၅၄) | ဦးအောင်မင်းစိုး<br>ဆလက/၄၈၀၂၈ | ဘားအံမြို့နယ်<br>(ဘားအံခရိုင်) |
| (၅၅) | ဦးသိန်းထိုက်<br>ဆလက/၄၈၀၈၈ | ကျိုက်လတ်မြို့နယ်<br>(ဖျာပုံခရိုင်) |
| (၅၆) | ဦးသန့်ဇင်<br>ဆလက/၄၈၀၉၃ | ဖာပွန်မြို့နယ်<br>(ဖာပွန်ခရိုင်) |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၅/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (လျှပ်စစ်) [တံတားအထူးအဖွဲ့ (၂) မုံရွာ (တွဲဖက်)] မှ ကိုယ်ပိုင်အမှတ်၊ ဆလက/ ၄၃၈၂၉ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်) ဦးကျော်သူရ အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၂၁) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (လျှပ်စစ်) တွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (လျှပ်စစ်) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၆/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ကိုယ်ပိုင်အမှတ်၊ ဆလက/ ၄၆၀၀၄ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ကွန်ပျူတာစီစဉ်ရေးမှူး ဦးဝေဖြိုးဟိန်း အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၂၁) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာန၊ နည်းပညာနှင့် သင်တန်းဌာနခွဲ [ညွှန်ကြားရေးမှူးချုပ်ရုံး (တွဲဖက်)] တွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ကွန်ပျူတာ) ရာထူးသို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

### KMIC စက်မှုဇုန်ပြင်ပ အခြေခံအဆောက်အအုံစီမံကိန်းအတွက် စီမံကိန်းဦးဆောင်အဖွဲ့ (Project Executing Agency-PEA) ဖွဲ့စည်းခြင်း

၁။ ကိုရီးယားနိုင်ငံ၊ Korea Exim Bank ၏ EDCF ချေးငွေအကူအညီ အမေရိကန်ဒေါ်လာ (၆၁.၈၁၆) သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကိုရီးယား-မြန်မာစက်မှုဇုန်စီမံကိန်း ပြင်ပအခြေခံအဆောက်အအုံ (လမ်း၊ ရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေး)

တည်ဆောက်ခြင်းလုပ်ငန်းများအတွက်ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ Project Executing Agency (PEA) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးအောင်မြင့်ဦး<br>အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါ်မီမီတင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒေါ်ခင်စိုးဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးကြင်ဌေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးမိုးဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးမျိုးနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်နိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်ရေး)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးစိုင်းသက်နိုင်မိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဦးဟန်ဇော်<br>အထွေထွေမန်နေဂျာ<br>အင်ဂျင်နီယာစီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ဦးဇော်ထွန်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဋ ) ဒေါ်မိုးမိုးလှိုင်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(မြို့ပြ)
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဌ ) ဒေါ်စောဥမ္မာချို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဍ ) ဒေါ်ခင်သီသီ — အဖွဲ့ဝင်
အင်ဂျင်နီယာမှူးကြီး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဎ ) ဒေါ်မိုးသီတာ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏ) ဒေါ်အေးအေးမွန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(တ) ဦးဇော်ဇော်အေး — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်( မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး)
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ထ) ဒေါ်စိမ်းမို့မို့ထွန်း — တွဲဖက်အတွင်းရေးမှူး (၁)
ဒုတိယညွှန်ကြားရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဒ ) ဦးရဲစစ်မင်း — တွဲဖက်အတွင်းရေးမှူး (၂)
ဒုတိယညွှန်ကြားရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ Project Executing Agency (PEA) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီမံကိန်းနှင့်စပ်လျဉ်းသည့် ဌာနဆိုင်ရာများနှင့် ဌာနအတွင်း လိုအပ်ချက်များကို ချိတ်ဆက်စီစဉ်ပေးခြင်း၊ အခြားသောသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ခ) Korea Exim Bank မှ EDCF ချေးငွေဆိုင်ရာ ပြဋ္ဌာန်းထားသော စီမံကိန်းအကြံပေး Consultant ခန့်အပ်ခြင်းနှင့် စီမံကိန်းအထောက်အကူပြုခြင်း Procurement တို့နှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များနှင့်အညီ ရွေးချယ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ကန်ထရိုက်တာများမှ တင်ပြလာသည့် စီမံကိန်း အကောင်အထည်ဖော်မှု အဆင့်ဆင့်တို့ကို Consultant နှင့်အတူ စီမံချက်ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဃ) ဘဏ်၏လိုအပ်ချက်အရ Consultant မှ ရေးဆွဲထားသည့် ကြားဖြတ်အစီရင်ခံစာ၊ လေးလပတ်တိုးတက်မှုအစီရင်ခံစာ၊ စီမံကိန်းပြီးဆုံးခြင်း အစီရင်ခံစာ စသည့် အမျိုးမျိုးသော အစီရင်ခံစာများကို သုံးသပ်ခြင်းနှင့် တင်ပြခြင်း၊

(င) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစီမံကိန်း (ESMP) အပါအဝင် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) သို့မဟုတ် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း (ESIA) တို့ကို ဆောင်ရွက်ရမည့်အပြင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများနှင့် ESMP အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်စစ်ဆေးခြင်း၊

(စ) ဘဏ်မှ ပြင်ဆင်ဆောင်ရွက်မည့် စီမံကိန်းသုံးသပ်ခြင်းနှင့် အခြားလိုအပ်သော အချက်အလက်များကို ကူညီပေးရန်အတွက် လိုအပ်သော အညွှန်းများနှင့် သတ်မှတ်ချက်များ သတင်းအချက်အလက်များကို စုဆောင်းပံ့ပိုးပေးခြင်း၊

(ဆ) Project Management Unit (PMU) နှင့် Project Implementing Unit (PIU) များ၏ အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းများတွင် လိုအပ်သောညှိနှိုင်းမှုများ၊ စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ပေးရန်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကချင်ပြည်နယ်အစိုးရအဖွဲ့**

**သယံဇာတရေးရာဝန်ကြီးဌာန**

**ရုံးအမိန့်အမှတ် (၅/၂၀၂၁)**

မြစ်ကြီးနားမြို့၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၁/၂၀၂၁)အရကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်လင်း အား ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တွင် ယာယီညွှန်ကြားရေးမှူးအဖြစ် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

တိန့်ဆောင်
ဝန်ကြီး
ကချင်ပြည်နယ်အစိုးရအဖွဲ့
သယံဇာတရေးရာဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
### အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးနေရာသို့ ယင်းဦးစီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့် အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ခင်လတ်

အမြဲတမ်းအတွင်းဝန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

အမှတ် ၁၀၀/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

စတင်အောင်သန်း ကြည်း ၇၇၄၀၅

## (ရေတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

အမှတ် ၆/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ အစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) များအဖြစ် ခန့်အပ်လိုက်သည်-

(၁) အောင်မြ ရေ ၅၆၂၉

(၂) ဇော်ဇော်ဦး ရေ ၅၆၃၀

(၃) အောင်နိုင် ရေ ၅၆၃၁

## (လေတပ်ဌာနစု)

အမှတ် ၈/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှ အစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ထွန်းလှ လေ ၄၄၈၅

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၂၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/သံတမန်ရပ်)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ်(B-၅) ရှိ **မြေဧရိယာ ၇.၃၀ ဧက** အား **သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက် မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၂၅/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းခရိုင်၊စစ်ကိုင်းမြို့နယ်၊ညောင်ပင်ဇင်ကျေးရွာအုပ်စု၊ကွင်း/အကွက် အမှတ်နှင့်အမည် (၈၂၈/မြင်းမွေးမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၂၅၁၊ ၂၅၂/၁၊ ၂၅၂/၂၊ ၂၅၂/၃၊ ၁၇၀/၄၉၂၊

၁၇၀/၄၉၃၊ ၁၇၀/၄၉၄) ရှိ **မြေဧရိယာ ၅.၁၅ ဧက** အား **ထွဋ်ခေါင်တောရဂူကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့၊ အမှတ် (၅) ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၁၅/စိတ္တသုခကျောင်းရပ်)၊ ဦးပိုင်အမှတ် (N-၂၃၈) ရှိ **မြေဧရိယာ ၅.၇၄၀ ဧက** အား **ဓမ္မပါလစိတ္တသုခကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏၂၀၂၁ခုနှစ်၊ဇူလိုင်လ ၁၄ရက်စွဲပါစာအမှတ်၊၄၀၆/တမ-၂/၁၈၀/၂/၂၀၂၁ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/၀ကရ (၁၁၃၈) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်မှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၄) ဦးတို့အား ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်ဇာခြည်ဝင်းလတ်<br>ဒုတိယဦးစီးမှူး<br>စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနစု<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>ဦးစီးအရာရှိ<br>စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနစု<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်ယဉ်မီမီသိန်း<br>ဒုတိယဦးစီးမှူး<br>မှတ်တမ်းဌာနစိတ်<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>ဦးစီးအရာရှိ<br>မှတ်တမ်းဌာနစိတ်<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဦးအောင်ထွန်းကျော်<br>ဒုတိယဦးစီးမှူး<br>အဆင့်မြင့်ဌာနခွဲ<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>ဦးစီးအရာရှိ<br>လူငယ်သင်တန်းကျောင်းများဌာနခွဲ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၄။ | ဒေါ်ငြိမ်းအေးစု<br>ဒုတိယဦးစီးမှူး<br>ကွန်ပျူတာဌာနစိတ်<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>ဦးစီးအရာရှိ<br>ကွန်ပျူတာဌာနစိတ်<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သိန်းဌေးဦး
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

အမှတ် ၈၈။ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဌာနခွဲနှင့် သုတေသန၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ အထွေထွေမန်နေဂျာ ဒေါ်ဆင့်ဆင့်အောင် (ID-၀၀၀၀၇) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ အငြိမ်းစားမယူမီကြိုတင် ပြင်ဆင်ခွင့် (၄) လကို ၁၃-၁-၂၀၂၂ ရက်နေ့မှ ၁၂-၅-၂၀၂၂ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီးနောက်တစ်နေ့ဖြစ်သော ၁၃-၅-၂၀၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၀၊၂၃၃ (က) အရ သက်ပြည့်ပင်စင် ယူခွင့်ပြုလိုက်သည်။

ဇော်နိုင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

အမှတ် ၁၀။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ စာအမှတ်-၁/၀၁/၁၀၀၀ (က) (၃၉၅/၂၀၂၁) အရ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုဌာနခွဲ၊ အင်ဂျင်နီယာချုပ် (စက်မှု) ရုံးမှ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (စက်မှု) ဦးမောင်မောင်ချို အား လစာနှုန်း (၃၇၄,၀၀၀- ၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (စက်မှု) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဖိုလ်ဖိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Peony Print Company Limited**

**(အစုရှယ်ယာရှင်များ၏ ဆန္ဒအရဖျက်သိမ်းခြင်း)**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၄၈ အရ

စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်းကြေညာချက်

**Peony Print Company Limited** ဒါရိုက်တာအဖွဲ့၏ (၂၁-၉-၂၀၂၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးရှင်ငြိမ်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ နောက်ဆုံးထား၍ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးအောင်ကိုမြင့်
အုပ်ချုပ်မှုဒါရိုက်တာ
Peony Print Company Limited

ဦးရှင်ငြိမ်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်−၅၂၊ ၅၆−လမ်း၊ (၂) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း−၀၉−၅၀၄၃၀၄၆

**TAIN YAN NAN COMPANY LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၃၄၈ အရ

ကုမ္ပဏီတွင် ပါဝင်သူ၏ ဆန္ဒအရ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ **TAIN YAN NAN COMPANY LIMITED** အား (၇-၁၀-၂၀၂၁) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် အတည်ပြု ဆုံးဖြတ်လိုက်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် (B.Com (Q) CPA) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U NAY LIN HAN
MANAGING DIRECTOR
TAIN YAN NAN COMPANY LIMITED

ဒေါ်စန်းကြည်
B.Com (Q) CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Notice for Final Closure of**

**SK Networks Co., Ltd (Yangon Representative Office)**

Notice is hereby given that **SK Networks Co., Ltd** (Yangon Representative Office) has carried out the liquidation process since April 30, 2020. Now, the winding up of **SK Networks Co., Ltd** (Yangon Representative Office) is complete effective as of June 30, 2021.

Daw Than Than
B.A(Law), LL.B (Advocate–1342)

Liquidator
No.408, Banyardala Road,
Byaing Yay Oe Sin Kwat Thit,
Tamwe Township, Yangon.

## MYANMAR HOTRE SHOE MATERIAL INDUSTRY CO.,LTD
## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **MYANMAR HOTRE SHOE MATERIAL INDUSTRY CO.,LTD** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်း အစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| DAW KHIN KHIN AYE | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com (AA) CPA (210) |
| MYANMAR HOTRE SHOE MATERIAL INDUSTRY CO.,LTD | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ANNAM FOOD INDUSTRIES LTD
## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **ANNAM FOOD INDUSTRIES LTD** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်း အစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U KYAW ZIN HTUN | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com (AA) CPA (210) |
| ANNAM FOOD INDUSTRIES LTD | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## FLY POST (DELIVER SERVICE) COMPANY LIMITED

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **FLY POST (DELIVER SERVICE) COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်း အစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင် အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့ စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U AUNG TIN THAN | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com (AA) CPA (210) |
| FLY POST (DELIVER SERVICE) CO., LTD | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## DSV AIR & SEA LTD

In the Matter of the Myanmar Companies Law and

(In Members' Voluntary Liquidation)

The following resolutions of the sole shareholder were passed as Special Resolution on 30th September 2021.

**SPECIAL RESOLUTION**

THAT, the Company be wound up by the member voluntarily pursuant to Section 345 (b) of the Myanmar Companies Law.

THAT, Daw Cho Cho Myint of Interactive Company Limited be appointed Liquidator of the Company to act for the purpose of such winding–up.

| | |
|---|---|
| Mr. Carsten Elmdal Trolle | Daw Cho Cho Myint |
| Director | Liquidator |

## ဂူဘို မြန်မာကုမ္ပဏီလီမိတက်

## (Kukbo Myanmar Co., Ltd)

အစုရှင်များ၏ ဆန္ဒအရစာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှင်များ၏ သာမန်ထက်ထူးကဲသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ **ဂူဘိုမြန်မာကုမ္ပဏီလီမိတက် (Kukbo Myanmar Co., Ltd)** အား အဆိုပါ ၃၁ ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (တရားလွှတ်တော်ရှေ့နေ) ဒေါ်တင်တင်မာ အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၈-၁၀-၂၀၂၁ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်တင်မာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဂူဘိုမြန်မာကုမ္ပဏီလီမိတက်

## နယူးအေ့စ်ကုမ္ပဏီလီမိတက်

## (NEW ACE COMPANY LIMITED)

အစုရှင်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌အထူးကျင်းပသော အထွေထွေ အစည်းအဝေးမှ ချမှတ်ခဲ့သော အထူးဆုံးဖြတ်ချက်အရ **နယူးအေ့စ်ကုမ္ပဏီလီမိတက် (NEW ACE COMPANY LIMITED)** အား ၁၅-၉-၂၀၂၁ ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဦးနေမျိုးအောင် (B.Com,CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၁၅-၉-၂၀၂၁ ရက်နေ့တွင် ခန့်အပ်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီးတောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေမျိုးအောင်
B.Com, CPA,MBA,HGP,DBL,DIL,DA (LCCI)
အမှတ် (၃၂)၊ (၅) လွှာ၊ ၁၆၅ လမ်း၊ တာမွေကြီး(ခ) ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀-၁၁၃၉၆

**KOKI TRADING COMPANY LIMITED**

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **KOKI TRADING COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်း အစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင် အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့ စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်သီတာဦး
မန်နေးဂျင်းဒါရိုက်တာ
Koki Trading Co., Ltd

ဦးဇင်ဝေ
B.Com (AA) CPA (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဆေးလ်ဗားဘဒ် (ဒ်) အော်တိုလော်ဂျစ်စတစ် (စ်) လီမိတက်**

**(SILVERBIRD AUTO LOGISTICS LTD)**

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဆေးလ်ဗားဘဒ် (ဒ်) အော်တိုလော်ဂျစ်စတစ် (စ်) လီမိတက် (SILVERBIRD AUTO LOGISTICS LTD)** အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းလှိုင် (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းလှိုင်
PA–831
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န – အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၁၉၂၅/ ၈–၁၀–၂၀၂၁။